# အိမ်ခန်းငှားခ ၃လစာကို မြို့နယ်အုပ်ချုပ်ရေးရုံးက ပေးဆောင်ပါမယ်




*Hisako Hemmi*

ကိုရိုနာဗိုင်းရပ်စ်（COVID-19）အခြေအနေကြောင့် အလုပ်လက်မဲ့ဖြစ်ခြင်းနှင့် အလုပ်လျော့နည်းမှုများကြောင့် အိမ်ခန်းငှားခပေးဆောင်ဖို့အခက်အခဲဖြစ်နေတဲလူတွေဟာ “နေအိမ်ရရှိမှုအတွက်ငွေကြေး” ကိုလက်ခံရယူနိုင်ပါတယ်။
“နေအိမ်ရရှိမှုအတွက်ငွေကြေး” ဆိုတာ သင်တို့နေတိုင်တဲ့မြို့နယ်ရဲ့အုပ်ချုပ်ရေးရုံးက သင်ပေးရမယ့် အိမ်ခန်းငှားခ ၃လစာ ကို အစားထိုးပေးဆောင်တဲ့စနစ်ဖြစ်ပါတယ်။

<u>နိုင်ငံခြားသားများလဲ ဒီစနစ်ကိုအသုံးပြုလို့ရပါတယ်။</u>

အရင်ကတော့ “အလုပ်သစ်ကိုရှာနေတဲ့လူတွေ” ဘဲ ဒီစနစ်ကိုအသုံးပြုခွင့်ရှိပါဝယ်။
<u>ဒါပေမဲ့ ဧပြီလ ၃၀ ရက်နေ့က စလို့ “အလုပ်သစ်ကိုရှာနေတဲ့လူတွေ” မဟုတ်ရင်လဲဘဲ</u> “နေအိမ်ရရှိမှုအတွက်ငွေကြေး” ကိုလက်ခံရယူနိုင်လာပါပြီ။
အလုပ်ရှိပေမဲ့ ဝင်ငွေနည်းတဲ့လူတွေ၊ အလုပ်ပြုတ်သွားတဲ့လူတွေ၊ အလုပ်မရှာတဲ့လူတွေတောင် “နေအိမ်ရရှိမှုအတွက်ငွေကြေး” ကိုလက်ခံရယူနိုင်ပါဝ◌ာယ်။
ပထမဦးစွာ ကိုယ်နေထိုင်တဲ့ မြို့နယ်ရဲ့ “ကိုယ်ထူကိုယ်ထကိစ္စတွေတိုင်ပင်ရေးအဖွဲ့” မှာ တိုင်ပင်လို့ရပါတယ်။
အဲဒီအဖွဲ့ ဘယ်မှာရှိတာကိုမသိတဲ့လူတွေက ဒေသခံမြူနီစီပါယ်ရုံးကိုဆက်သွယ်မေးမြန်းနိုင်ပါတယ်။

ကိုးကားချက်
「家賃を、3カ月、町が払います」
（やさしい日本語ニュース／withhnews・朝日新聞　2020年4月28日）
URL: https://www.facebook.com/yasashiinews/posts/223271099115045?__tn__=-R

#となりの外国人
#TonariNoGaikokujin

翻訳：NPO法人 多言語センターFACIL
https://tcc117.jp/facil/